# ဟိန္ဒားကျေးရွာ
# ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၁)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဟိန္ဒားကျေးရွာ၊ ထားဝယ်မြို့နယ်



(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဟိန္နားကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| **၁။** | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| **၂။** | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| **၆။** | **ပညာရေး** | ၉ |
| **၇။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| **၈။** | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| **၉။** | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| **၁၀။** | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၆ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၀ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစု ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၆**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ဟိန္ဒားကျေးရွာ**
**ထားဝယ်မြို့နယ်**

## ဟိန္ဒားကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



**တည်နေရာနှင့် ပထဝီဝင် အနေအထား**

ဟိန္ဒားကျေးရွာသည် ထားဝယ်-မေတ္တာကားလမ်းပေါ်ရှိ တောင်သုံးလုံးကျေးရွာမှ (၁၈)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ရေပူဝကျေးရွာ၊ မြောင်းပြိုကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ကျေးရွာ၏ မြေအနေအထားသည် မြေပြန့်ဒေသဖြစ်သည်။ ဟိန္ဒားကျေးရွာသည် ပထဝီဝင် အနေအထားအရ တောင်ကုန်း၊ တောင်တန်းပေါ်များသော ရွာတစ်ရွာ ဖြစ်ပါသည်။

**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**

ဟိန္ဒားကျေးရွာသည် တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မ ၈၀ မှ ၁၀၀ ပတ်ဝန်းကျင်တွင်ရှိပြီး ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတုကျရောက်သည့် ဒေသအတွင်း တည်ရှိပါသည်။ ကျေးရွာ၏မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပြီး ကျေးရွာအနီးတွင် တောတောင်၊ မြစ်ချောင်းများရှိပါသည်။ အခြားသော ခဲမဖြူ စသည့် သယံဇာတ တွင်းထွက်ထွက်ရှိမှု အနည်းငယ်ရှိသည်။ ဆည်ရေ၊ မြစ်ရေ၊ စမ်းရေနှင့် မြေအောက်ရေများ မရရှိနိုင်သလို ရေအရင်းမြစ် ရရှိနိုင်သည့်နေရာလဲမရှိပါ။ ဆတ်၊ ဂျီ၊ မျောက် သဘာဝတိရစ္ဆာန်မျိုးစိတ်များကို အသင့်အတင့်တွေ့ရှိနိုင်ပါသေးသည်။ နွားစာနှင့် ဆေးဘက်ဝင်အပင်များမှာ အနည်းငယ် တွေ့ရှိရပါသည်။ သို့ရာတွင် ဆေးဘက်ဝင်ပင်များကို အသုံးပြုသူ နည်းပါးပါသည်။ အကြောင်းအရင်းမှာ အဆင်သင့်ဖော်စပ်ပြီးသော ဆေးများကိုသာ အသုံးပြုမှုများခြင်းကြောင့် ဖြစ် သည်။

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ဟိန္ဒားကျေးရွာတွင် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့် တိုးတက်မှုရှိနေသော ရွာတစ်ရွာပင် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်မိရပ်ဖအဖွဲ့၊ သာရေးနာရေးအသင်း၊ လယ်ယာကော်မတီအဖွဲ့၊ အရံမီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်း စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သော WORLD VISION, UNICEF စသည့်အဖွဲ့အစည်းများသည် ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍများအတွက် လိုအပ်သော အကူအညီများကို ထောက်ပံ့ပေးနေပြီး ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိပါသည်။ ကျန်ရှိသော ကဏ္ဍများပါ တိုးတက်လာစေရန်အတွက် အခြားသော သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဟိန္ဒွားကျေးရွာတွင် မြေယာမဲ့ တောင်သူအိမ်ထောင်စုမှာ စုစုပေါင်း အိမ်ထောင်စု၏ (၄၉.၂၃%)ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၄၂) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကထိ တောင်သူငယ် (၃၈) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၈၃) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၃၃) အိမ်ထောင်စု စသည်တို့ ရှိကြပြီး ဥယျာဉ်ခြံလုပ်ငန်းကိုသာ အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စု များသည် (၅)အိမ်ထောင်စုရှိပြီး အများစုသည် နေ့စားကျပန်း လုပ်ငန်းများကို လုပ်ကိုင်နေကြပါသည်။

ဟိန္ဒွားကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံမှာ ကွမ်းသီးဖြစ်သည်။ စိုက်ပျိုးနည်းစနစ်များမှာ မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကိုသာ ကျင့်သုံးနေဆဲဖြစ်သည်။ ဥယျာဉ်ခြံပိုင်ရှင်များသည် ငွေကြေးမလုံလောက်သဖြင့် ကျန်ရှိသော ခြံမြေဧကများတွင် စိုက်ပျိုးထားသော အသီးမသီးသေးသည့် အပင်ငယ်များကို တောခုတ်ရှင်းလင်းခြင်း၊ ပြုပြင်ခြင်းများ မပြုလုပ်နိုင်ကြပေ။ မြို့ကြီးများနှင့် အလှမ်းဝေးသောကြောင့် သီးနှံမျိုးစေ့ရရှိနိုင်မှု၊ သဘာဝမြေဆွေး/အော်ဂဲနစ် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ အလွယ်တကူ မရရှိနိုင်ပေ။

ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုမှာ ရေစုပ်စက် (၉)လုံး နှင့် မြက်ရိတ်စက် (၁၀၉)လုံး ရှိပါသည်။ ကျေးရွာရှိအိမ်ထောင်စုများသည် လယ်ယာသုံးပစ္စည်းများကို ငှားရမ်းလုပ်ကိုင်သော အိမ်ထောင်စုမရှိပါ။

သီးနှံစိုက်ပျိုးရေးအတွက် မိုးရေဖြင့်သာ အဓိက စိုက်ပျိုးကြပြီး ချောင်းရေယူ၍လည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြက်ရိတ်စက်နှင့် ဓါးကိုသာ အသုံးပြုကြပါသည်။ စိုက်ပျိုးရေးအတွက် အခြားသော စိုက်ပျိုးရေးသုံးကိရိယာများသုံးစွဲခြင်းမရှိပါ။ ဥယျာဉ်ခြံစိုက်ပျိုးရာတွင်လည်း ကြွက်၊ ရှဉ့်ကဲ့သို့သော ဖျက်ပိုးကောင်များက သီးနှံပင်များကို ဖျက်စီးခြင်းလည်း ကြုံတွေ့နေရပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ဟိန္ဒွားကျေးရွာတွင် နွားမွေးမြူသည့်အိမ်ထောင်စု (၁၁)အိမ်ထောင်စုရှိပြီး စုစုပေါင်း နွားကောင်ရေ (၅၆)ကောင်၊ ဆိတ်မွေးမြူသည့် အိမ်ထောင်စု (၁၅)စုမှ ကောင်ရေ (၁၂၀) ကောင်၊ ဝက်မွေးမြူသည့်အိမ်ထောင်စု (၈)အိမ်ထောင်စုရှိပြီး စုစုပေါင်း ဝက်ကောင်ရေ (၁၈)ကောင်၊ ကြက်မွေးမြူသည့်အိမ်ထောင်စု (၁၁၆)အိမ်ထောင်စုရှိပြီး စုစုပေါင်း ကြက်

ကောင်ရေ (၈၉၀)ကောင်နှင့် ဘဲမွေးမြူသည့်အိမ်ထောင်စု (၂၀)အိမ်ထောင်စုရှိပြီး စုစုပေါင်း ဘဲကောင်ရေ (၉၈)ကောင် ရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်သော အိမ်ထောင်စုမရှိပါ။ သို့ရာတွင် မွေးမြူရေး လုပ်ငန်းများတိုးတက်လာစေရန် လုံလောက်သောချေးငွေပမာဏ၊ နည်းပညာသင်တန်းများ ရရှိပါက ကျေးရွာ၏မွေးမြူရေးလုပ်ငန်းကို ပိုမိုလုပ်ကိုင်လာနိုင်မည်သည်။ မည်သည့်အသင်း အဖွဲ့/ ဌာနများမှလည်း မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ချေးငွေထုတ်ချေးခြင်းမရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ဟိန္ဒားကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမရှိပါ ။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် နေ့စား၊ ကျပန်းလုပ်ငန်း၊ ဈေးရောင်းလုပ်ငန်း၊ ထိုင်းသို့သွား၍အလုပ်လုပ်ခြင်းနှင့် ရာသီပေါ်သီးနှံများ ရောင်းဝယ်ခြင်း လုပ်ငန်းများရှိပါသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ဈေးကွက်ဆိုင် ရာအသိအမြင်ရှိမှု အားနည်းခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း၊ (၂၄)နာရီ လျှပ်စစ်မီး မရရှိသေးသည့်အတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှု လုပ်ငန်းများ မဆောင်ရွက်နိုင်ပေ။ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

ဟိန္ဒားကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားခြင်းသည် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ရွာသားအများစုသည် စက်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ဆံပင်ညှပ်အလုပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း နိမ့်ကျ နေပြီး သင်တန်းစရိတ်ကုန်ကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သည် စက်ချုပ်၊ စက်ပြင်စသောသင်တန်းများကို အခကြေးငွေကုန်ကျခံကာ ပို့လွှတ်သင်ကြားကြသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ဟိန္ဒားကျေးရွာတွင် ဥယျာဉ်ခြံလုပ်ကိုင်သူများသည် ပွဲရုံလုပ်ငန်းရှင်ထံမှ ကြိုတင်ငွေယူ၍ ရာသီပေါ်သီးနှံထွက်ချိန်တွင် ခြံထွက်သီးနှံများဖြင့် ပြန်လည်ပေးချေရပါသည်။ မိသားစု စားဝတ်နေရေးကိစ္စများ၊ အရေးပေါ်ကိစ္စများနှင့် ကြုံသည့်အချိန်တွင် ကျေးရွာတွင် ငွေချေးသူများ၊ ဆွေမျိုးမိတ်ဆွေများမှလည်း အတိုးနှုန်းကြီးစွာဖြင့် ချေးယူနေရသဖြင့် အတိုးနှုန်း သက်သာသည့် ကာလရှည်ချေးငွေ ဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဟိန္ဒာကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကိုသာ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ အသုံး ပြုသော ယာဉ်များမှာ စက်ဘီး (၁၆) စီး၊ ဆိုင်ကယ် (၃၆၈) စီး ၊ထော်လာဂျီ (၁) စီးနှင့် ကား (၁၆) စီး ရှိပါသည်။

ဟိန္ဒာကျေးရွာတွင် ရွာတွင်းလမ်း၊ ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများ ဖြစ်ပြီး ထိုလမ်းများအား တစ်ဆင့်မြင့်တင် ပေးစေလိုပါသည်။ ဟိန္ဒာကျေးရွာတွင် ကွန်ကရစ်တံတား (၂) စင်းနှင့် ရေပြွန် (၁) စင်း ရှိပါသည်။

ဟိန္ဒာကျေးရွာသည် မြစ်ကြောင်း၊ ပင်လယ်နှင့် ဝေးကွာပြီး ကုန်းလမ်းပို့ဆောင်ရေကိုသာ အဓိကထားအသုံးပြုကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ဟိန္ဒာကျေးရွာတွင် အသေးစားရေအားလျှပ်စစ်သုံးစွဲသော အိမ်ထောင်စု (၅၆၀) စု၊ ဆိုလာစနစ်ကို အသုံးပြုသော အိမ်ထောင်စု (၁၄) စု ရှိပါသည်။ ကျန်ရှိသော အိမ်ထောင်စု (၉) စုမှာ ငွေကြေးမတတ်နိုင်သောကြောင့် ဖယောင်းတိုင်စသည်တို့ကို အသုံးပြုနေဆဲ ဖြစ်ပါသည်။ လျှပ်စစ်မီးရရှိလာပါက ကျောင်းသား/သူများ၏ ပညာရေးတိုးတက်လာစေမှုနှင့် ကျေးရွာအတွင်း အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဟိန္ဒာကျေးရွာတွင် ဖုန်း (၂၀) လုံး၊ ရေဒီယို (၁၉) လုံး၊ တီဗွီ (၁၀၈) လုံး၊ ဂြိုလ်တုစလောင်း(၃၃၇) လုံးရှိပါသည်။ ကျေးရွာတွင် (၂၄)နာရီ မီးလင်းမှုမရရှိသေးသဖြင့် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်သည့်အတွက် သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်း များရှိပါသည်။ ကျေးရွာ၏ အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့် အခြေအနေများရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းရန် အတွက် လိုအပ်နေပါသည်။

## ၆။ ပညာရေး

ဟိန္ဒာကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၅) ရာခိုင်နှုန်းရှိပါသည်။ ဘွဲ့ရသူဦးရေ (၁၅) ဦး ထိရှိနေပြီ ဖြစ်သည်။

ဟိန္ဒာကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား (၁၅၆) ဦး၊ ကျောင်းသူ (၁၆၇) ဦး ရှိပါသည်။ လက်ရှိ မူလတန်း တက်ရောက်နေသူဦးရေမှာ မူလတန်း

ကျောင်းနေအရွယ်(၅-၉)နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းပိုနေခြင်းမှာ မူလတန်းတက်ရောက်နေသူ အချို့မှာ (၉) နှစ် ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါသည်။

ဟိန္ဒားကျေးရွာတွင် မူလတန်းကျောင်းနှင့် အထက်တန်းကျောင်းရှိပြီး ထိုကျောင်းများသည် ဟိန္ဒားကျေးရွာအတွင်းတွင် ရှိသည်။ မူလတန်းကျောင်းတွင် (၁)ထပ်ကျောင်းဆောင် (၁)ဆောင်ရှိပြီး၊ အထက်တန်းကျောင်းတွင် ကျောင်းဆောင် (၇) ဆောင်ရှိသည်။ ကျောင်းသို့ ခြေလျင်ဖြင့် သော်လည်းကောင်း၊ စက်ဘီးဖြင့် သော်လည်းကောင်း သွားလာနိုင်ပါသည်။ ကျောင်းသုံးပရိဘောဂများ လုံလောက်မှု မရှိပါ။ ကျောင်းအိမ်သာများမှာလည်း ပြန်လည် ပြုပြင်ရန် လိုအပ်နေပါသည်။

## ၇။ ကျန်းမာရေး

ဟိန္ဒားကျေးရွာတွင်း ဝမ်းပျက်ဝမ်းလျော ၊ သွေးလွန်တုပ်ကွေး၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများ အဓိက ဖြစ်ပွါးလေ့ရှိပြီး ရွာရှိ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းသို့ သွားရောက်ကုသကြပါသည်။

ဟိန္ဒားကျေးရွာတွင် ကာကွယ်ဆေးထိုးနှံမှုများ ရှိပါသည်။

ဟိန္ဒားကျေးရွာတွင် ကျန်းမာရေးတစ်ခုခုဖြစ်ပွါးပါက ကျေးရွာအတွင်း ကျန်းမာရေး ဌာနနှင့် (၃၆) မိုင် ကွာဝေးသော ထားဝယ်မြို့နယ်ဆေးရုံသို့ အဓိက သွားရောက်ကုသ ကြပါ သည်။ အသေးစားကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာအတွင်းရှိ ကုန်စုံဆိုင် များတွင် ရရှိနိုင်ပါသည်။ကျေးရွာရှိ ကျန်းမာရေးဌာနတွင် ဆေးဝါးများ ပြည့်စုံစွာ ရရှိရန်နှင့် ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာ ရရှိနိုင်ရန် လိုအပ်နေပါသေးသည်။

ဟိန္ဒားကျေးရွာအတွင်းရှိ ငွေကြေးပြည့်စုံသော အိမ်ထောင်စုများသည် ကျောက်ငွေချ ထားသည့် ရေတွင်းများ တူးဖော်အသုံးပြုကြပြီး ၊ ကျန်အိမ်ထောင်စုများမှ ချောင်းရေကိုသာ အသုံးပြုကြပါသည်။ မိုးရာသီနှင့် ဆောင်းရာသီတွင်သာ ရေလုံလောက်မှုရှိပြီး၊ နွေရာသီတွင် ရေလုံလောက်မှုမရှိပါ။

ဟိန္ဒားကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စု (၅၆၉) စုရှိပြီး၊ ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာဆောက်လုပ်ရာတွင် ကုန်ကျစရိတ်များပြားမှုကြောင့် မဆောက်လုပ်နိုင်ကြဘဲ ကျင်းအိမ်သာ၊ မြေပေါ်အိမ်သာနှင့် တောထိုင်များကို အသုံးပြုကြ သည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဟိန္ဒားကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၄၁) စုရှိပြီး ဆင်းရဲ၍ မိသားစုများသည့် မုဆိုးဖို ၊တစ်ခုလပ် အိမ်ထောင်စု

(၁၀) စု ရှိပါသည်။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုများကို ရပ်ရွာသူ/သားများမှ ဝိုင်းဝန်း ကူညီကြပါသည်။

ဟိန္ဒားကျေးရွာတွင် သတ္တုတွင်းရှိနေခြင်းကြောင့် မြေပြိုခြင်းများ တခါတရံ ကြုံတွေ့ရတတ်ပါသည်။ မြေဆီလွှာ ပျက်ယွင်းမှုများလည်း ရှိပါသည်။ ငှက်ဖျားရောဂါ၊ တီဘီရောဂါများအတွက် ကျေးလက်ဆေးပေးခန်းမှ ဆေးအထောက်အပံ့များ ရရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ထားဝယ်မြို့နှင့် (၃၆) မိုင် ကွာဝေးပါသည်။

ဟိန္ဒားကျေးရွာတွင် မွေးမြူရေး ကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် မည်သည့်အခွင့်အလမ်းမျှ မရှိပါ။

ဟိန္ဒားကျေးရွာတွင် မြေဆီဩဇာ အခြေအနေမှာ သတ္တုကြောင့် ယခင်ကထက် မြေဆီလွှာများ ပျက်ယွင်းလာပါသည်။ ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု များလည်း လိုအပ်နေဆဲဖြစ်သည်။ စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်း၊ သစ်ပင်ရင်းပုံခြင်းကဲ့သို့ အလေ့အကျင့်များရှိသော်လည်း တစ်ရွာလုံးပါဝင်ပြီး စနစ်တကျ ပြုလုပ်သည့် စနစ်မရှိသေးပါ။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ဟိန္ဒားကျေးရွာရှိ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှု အားနည်းနေပါသည်။ ကျေးရွာတွင် အမျိုးသမီးများ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးစေလိုပါသည်။

ဟိန္ဒားကျေးရွာတွင် အများအားဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်း ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်ဆင်းကြသူများ ဖြစ်ကြသည်။ ကျား-မ လုပ်အားခန္နှိုင်းယှဉ်လျှင် ကျားလုပ်အားခက အနည်းငယ်ပိုများပါသည်။

ဟိန္ဒားကျေးရွာတွင် အိမ်ထောင်စု (၅၈၃)စုရှိပြီး၊ လူဦးရေ စုစုပေါင်း (၂၉၂၆)ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၀၂)ဦးရှိပါသည်။ အသက် (၁၅နှစ်မှ ၆၀နှစ်)အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၆၉) ရာခိုင်နှုန်းရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့် အသက် (၆၀)နှစ်အထက် လူဦးရေ စုစုပေါင်း (၃၁) ရာခိုင်နှုန်းသည် မှီခိုသူများဖြစ်ကြသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုများ ပေးနိုင်ပါသည်။

ဟိန္ဒားကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၅) ရာခိုင်နှုန်းရှိပါသည်။ ဘွဲ့ရသူဦးရေ (၁၅) ဦး ထိရှိနေပြီ ဖြစ်သည်။

ဟိန္ဒားကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား (၁၅၆) ဦး၊ ကျောင်းသူ (၁၆၇) ဦး ရှိပါသည်။ လက်ရှိ မူလတန်း တက်ရောက်နေသူ ဦးရေမှာ မူလတန်း ကျောင်းနေအရွယ် (၅-၉)နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းပိုနေခြင်းမှာ မူလတန်းတက်ရောက်နေသူ အချို့မှာ (၉) နှစ် ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါသည်။

## ၁၀။ ဟိန္ဒားကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ဟိန္ဒား | | | ကျေးရွာအမည် - ဟိန္ဒား | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | မွေးမြူရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ရရှိရန် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း။ | |
| ၂ | မွေးမြူရေး | နည်းပညာ | မွေးမြူရေးနည်းပညာသင်တန်းများပေးခြင်း။ | |
| ၃ | ငွေကြေး | မွေးမြူရေးချေးငွေ | အတိုးနှုန်းသက်သာသော ချေးငွေများ ဆောင်ရွက်ပေးခြင်း။ | |
| ၄ | ကျန်းမာရေး | ကျန်းမာရေးပညာပေး | ကျန်းမာရေးဆိုင်ရာပညာပေးဟောပြောပွဲများ စီစဉ်ဆောင်ရွက်ပေးခြင်း။ | |
| ၅ | ကျန်းမာရေး | ကျန်းမာရေးဝန်ထမ်း | ကျန်းမာရေးဝန်ထမ်းများ ချထားပေးခြင်း။ | |
| ၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းပေးခြင်း။ | |
| ၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း ကျောက်ချောခင်းပေးခြင်း။ | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများ | ကျောင်းခြံစည်းရိုးကာရံခြင်း။ | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများ | တစ်ထပ်ကျောင်းဆောင်ကို နှစ်ထပ်ကျောင်းဆောင်သို့ အဆင့်မြှင့်တင်ပေးခြင်း။ | |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများ | သင်ထောက်ကူပစ္စည်းများ လုံလောက်စွာချထားပေးခြင်း။ | |
| ၁၁ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | အားကစားရက်တိုသင်တန်းများ ဖွင့်လှစ်ပေးခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ဟိန္ဒား | | | ကျေးရွာအမည် - ဟိန္ဒား | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၂ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | လက်ရှိဘောလုံးကွင်းအား ပြန်လည်ပြုပြင်ပေးခြင်း။ | |
| ၁၃ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | စာပေဟောပြောပွဲများ စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် အင်္ဂလိပ်စကားပြော သင်တန်း၊ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း။ | |

# ဟိန္ဒားကျေးရွာ၊ ဟိန္ဒားကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမြတ်ငွေး | ဦးညွန့်သား | ၆/ထဝန(နိုင်) ၀၈၀၀၁၇ | ၅၀ | ဥက္ကဋ္ဌ | ၀၉-၄၅၂၂၈၃၆၄၂ |
| ၂ | ဦးဝင်းမောင် | ဦးခင်ညွန့် | ၆/ထဝန(နိုင်) ၀၅၀၃၂၃ | ၄၈ | ဘဏ္ဍာရေးမှူး | ၀၉-၄၂၂၂၀၇၂၄၅ |
| ၃ | ဦးဝင်းဇော်လေး | ဦးမောင်ကျန် | ၆/ထဝန(နိုင်) ၀၅၀၂၁၃ | ၄၈ | စာရင်းစစ် | ၀၉-၂၆၄၀၆၈၄၅၀ |
| ၄ | ဦးငွေးအောင် | ဦးသိန်းအောင် | ၆/ရဖန(နိုင်) ၀၁၈၉၁၁ | ၅၇ | နာယက | ၀၉-၂၆၄၆၀၄၉၄၅ |
| ၅ | ဦးမောင်မောင်အေး | ဦးမောင်နီ | ၆/ထဝန(နိုင်) ၀၇၈၃၄၉ | - | အတွင်းရေးမှူး | ၀၉-၄၅၀၃၅၉၆၄၉ |
| ၆ | ဦးငွေးဝင်း | ဦးအခွေး | ၆/ထဝန(နိုင်) ၀၅၀၈၅၁ | ၅၆ | စာရင်းကိုင် | ၀၉-၂၅၆၉၁၉၇၈၂ |
| ၇ | ဦးတင်ငွေး | ဦးမြဖေ | - | ၄၈ | အဖွဲ့ဝင် | - |
| ၈ | ဦးသက်ထွန်း | ဦးထွန်းကျင် | ၆/ထဝန(နိုင်) ၀၇၈၆၇၁ | ၄၁ | အဖွဲ့ဝင် | ၀၉-၄၅၁၀၄၉၂၀၁ |
| ၉ | ဦးအုန်းလွင် | စောဒိုလဲ | ၆/ထဝန(နိုင်) ၀၇၈၇၅၀ | ၃၉ | အဖွဲ့ဝင် | ၀၉-၄၉၈၆၈၈၉၁ |
| ၁၀ | ဦးညီညီခိုင် | ဦးမြင့်ထွေး | ၆/ထဝန(နိုင်) ၀၉၈၆၀၄ | ၃၅ | အဖွဲ့ဝင် | ၀၉-၂၅၀၃၆၆၇၂၇ |
| ၁၁ | ဦးဖြိုးဖြိုးမောင် | ဦးအုန်းကြည် | ၆/မတန(နိုင်) ၀၀၁၉၀၇ | ၂၄ | အဖွဲ့ဝင် | ၀၉-၂၆၀၆၀၈၃၃၄ |
| ၁၂ | ကိုကျော်ရာဇာ | ဦးမောင်မောင်အေး | ၆/မတန(နိုင်) ၀၀၄၂၁၂ | ၂၄ | အဖွဲ့ဝင် | ၀၉-၂၅၂၀၂၈၂၅၇ |
| ၁၃ | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၈ | ၂၉ | ၄၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၉၅ | ၁၀၅ | ၂၀၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၀၁ | ၉၈ | ၁၉၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၃၇ | ၁၆၂ | ၂၉၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၉၅ | ၁၀၂၅ | ၂၀၂၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၆၁ | ၁၀၀ | ၁၆၁ |
| စုစုပေါင်း | | **၁၄၀၇** | **၁၅၁၉** | **၂၉၂၆** |
| စုစုပေါင်း အိမ်ထောင်စု | | **၅၈၃** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဟိန္ဒားကျေးရွာတွင် အိမ်ထောင်စု (၅၈၃)စုရှိပြီး၊ လူဦးရေ စုစုပေါင်း (၂၉၂၆)ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၀၂)ဦးရှိပါသည်။ အသက် (၁၅နှစ်မှ ၆၀နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၆၉) ရာခိုင်နှုန်းရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့် အသက် (၆၀)နှစ်အထက် လူဦးရေ စုစုပေါင်း (၃၁) ရာခိုင်နှုန်းသည် မှီခိုသူများဖြစ်ကြသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုများ ပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆၂ | ၁၆၂ | ၆ | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၉ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၀ | ၂၉ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃၅ | ၁၄၂ | ၄၀ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၃ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၄ | ၂ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၃ | ၃၃ | ၆ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆ | ၁၆ | ၂ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၂ | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၉ | ၄၀ | ၁၆ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | ၂ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၃၀ | ၁၄၄ | ၁၇၅ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | စုစုပေါင်း | | | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ဟိန္ဒားကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်

စိုက်ပျိုးရေးလုပ်ငန်း (လယ်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း)တွင် လုပ်ကိုင်ကြသူမှာ (၁၆၂) အိမ်ထောင်စုရှိပါသည်။ ကျေးရွာတွင် သတ္တုတူးဖော်ရေးလုပ်ငန်းတွင် နေ့စားလုပ်ကိုင်သော အိမ်ထောင်စု၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းတွင် လုပ်ကိုင်သော အိမ်ထောင်စု၊ ပို့ဆောင်ရေးလုပ်ငန်းတွင် လုပ်ကိုင်သော အိမ်ထောင်စု၊ ပြည်သူ့ဝန်ဆောင်ရေးလုပ်ငန်းတွင် လုပ်ကိုင်သော အိမ်ထောင်စုများလည်း ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စု၏ (၂၂)ရာခိုင်နှုန်းသည် အခြားဒေသ (ပြည်တွင်း၊ ပြည်ပ)သို့ ရွှေ့ပြောင်းလုပ်ကိုင်သူ များဖြစ်ကြပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | | | | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၇၀၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၃၀၀၀ | | ၇၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပ်ပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ဟိန္ဒားကျေးရွာတွင် အများအားဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်းဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်ဆင်းကြသူများ ဖြစ်ကြသည်။ ကျား-မလုပ်အားခနှိုင်းယှဉ်လျှင် ကျားလုပ်အားခက အနည်းငယ်ပိုများပါသည်။

### (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၁ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃၁ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၀၀၈.၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၂၀၆၀.၅ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ဟိန္ဒားကျေးရွာတွင် ဥယာဉ်ခြံမြေစိုက်ပျိုးရေးကိုသာ အဓိက စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးအတွက် ရေရင်းမြစ်မရှိပါ။ စိုက်ပျိုးရေးအတွက် မိုးရေဖြင့်သာ စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

## ၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ဟိန္ဒားကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းမြစ် ( ဓာတ်ငွေ့၊ ရေနံ) ကဲ့သို့သော သဘာဝအရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ ကျေးရွာတွင် ခဲမဖြူ ထွက်ရှိပါသည်။ ရရှိနိုင်မှုများပြီး လက်လှမ်းမှီမှုလွယ်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာ ယခင်ကထက် ရရှိနိုင်မှု နည်းလာပါသည်။

### (ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၁၁ | ၅၈ | ၃၄ | ၁၈၈ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ဟိန္ဒားကျေးရွာတွင် ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သောဥစ္စာဓန အဆင့်ခွဲခြားမှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၁ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ၁၁<br>လုပ်အားခကြိုယူ = _____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၅၄ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ၅၄<br>လုပ်အားခကြိုယူ = _____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၉၂ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ၉၂<br>လုပ်အားခကြိုယူ = _____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၁၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ဟိန္ဒားကျေးရွာရှိ ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၁၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု စုစုပေါင်း၏ (၇၁) ရာခိုင်နှုန်းမှာ (၃)လ အောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်စားသောက်နိုင်ပြီး ၊ (၃၄) ရာခိုင်နှုန်းမှာ (၃-၆) လ အထိ ဝမ်းစာဖူလုံမှုရှိ၍ (၅၉) ရာခိုင်နှုန်းမှာ ၆ လနှင့်အထက် ချေးငှာခြင်း မပြုဘဲ ထမင်းနပ်မှန်အောင် စားသုံးနိုင်ကြပါသည်။

## (၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၃ | ၄ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁၀ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဟိန္ဒားကျေးရွာတွင် ဆင်းရဲ၍ မိသားစု ဦးရေများသည့် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု (၄၀) စုရှိပြီး ဆင်းရဲ၍ မိသားစုများသည့်မုဆိုးဖို ၊တစ်ခုလပ် အိမ်ထောင်စု (၁၀)စု ရှိပါသည်။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ ကိုရပ်ရွာသူ/သားများမှ ဝိုင်းဝန်း ကူညီကြပါသည်။

## (၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဟိန္ဒားကျေးရွာတွင် သတ္တုတွင်းရှိနေခြင်းကြောင့် မြေပြိုခြင်းများ တခါတရံ ကြုံတွေ့ရတတ်ပါသည်။ မြေဆီလွှာ ပျက်ယွင်းမှုများလည်း ရှိပါသည်။ ငှက်ဖျားရောဂါ၊ တီဘီရောဂါများအတွက် ကျေးလက်ဆေးပေးခန်းမှ ဆေးအထောက်အပံ့များ ရရှိပါသည်။ လမ်းပန်း ဆက်သွယ်ရေးမှာ ထားဝယ်မြို့နှင့် (၃၆) မိုင် ကွာဝေးပါသည်။

**(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
